ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန

စာအမှတ် ၊ မျိုးစေ့ဥပဒေ/၀၁၃/၂၀၁၈-၁၉ / ၄၆၆၄
ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ မေလ ၂၈. ရက်

အကြောင်းအရာ ။ **သီးနှံမျိုးသစ်အသိအမှတ်ပြုလက်မှတ်လျှောက်ထားရန် အကြောင်းကြားခြင်း။**

၁။ မျိုးစေ့လုပ်ငန်းဆောင်ရွက်လျှက်ရှိသော အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများသည် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ ခွင့်ပြုချက်၊ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ၏ ကြီးကြပ်မှုတို့ဖြင့် **(၂၀၁၆-၂၀၁၇)(၂၀၁၇-၂၀၁၈) ခုနှစ်အတွင်း** မြန်မာနိုင်ငံအတွင်းရှိ မတူညီသော ဒေသ (၃) ခုတွင် ဒေသ ရေမြေရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းမှု ရှိ မရှိကို **စမ်းသပ်စိုက်ပျိုးအဖြေ ရရှိပြီးသည့်** မျိုးသစ်များ၊ Documents အပြည့်အစုံဖြင့်တင်ပြရမည့်သီးနှံများ၊ မိဘမျိုးလိုင်းများ၊ နှစ်ရှည်သီးနှံများကို မျိုးစေ့ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ သီးနှံမျိုးသစ်အဖြစ် အသိအမှတ်ပြုလက်မှတ်လျှောက်ထားရန်အတွက် ယခုပူးတွဲပေးပို့ထားသည့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသို့ တင်ပြရမည့်စာအုပ်ပုံစံ (Format) နှင့်အညီ ပြည့်စုံစွာပြုစု၍ Colour ၁၀ စုံ အပါအဝင် Hard Copy ၂၂ စုံ နှင့် Soft Copy (Myanmar 3, Font size 14 ဖြင့်) တို့ကို **ညွှန်ကြားရေးမှူး (မျိုးစေ့ဌာနခွဲ)** ရုံးချုပ်သို့ **(၈.၆.၂၀၁၈) နေ့အရောက် နောက်ဆုံးထား** ပေးပို့ပါရန် ကြိုတင်အကြောင်းကြားပါသည်။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီအစည်း အဝေး ကျင်းပမည့်နေရာနှင့် နေ့ရက်တို့ကို ထပ်မံ အသိပေး ဖိတ်ကြားမည်ဖြစ်ပါသည်။

၂။ အဆိုပါ မျိုးသစ်များနှင့်ပတ်သက်၍ ဤရုံးမှဖိတ်ကြားမည့်နေ့ရက်တွင် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီအစည်းအဝေးသို့ မျိုးစေ့နမူနာနှင့် တကွ (Power Point) ဖြင့် လာရောက်ရှင်းလင်း တင်ပြရမည် ဖြစ်၍ ကြိုတင်ပြင်ဆင်ထားနိုင်ပါရန်နှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီမှ စိစစ်ပြီး သဘောထားမှတ် ချက်နှင့်အတူ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသို့ ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ရာ မျိုးစေ့ ဆိုင်ရာအမျိုးသားကော်မတီမှ ထုတ်ပေးသော မျိုးသစ်အသိအမှတ်ပြုလက်မှတ်နှင့် လိုင်စင်ရရှိပြီးမှသာ လျှင် မျိုးစေ့လုပ်ငန်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

ဉက္ကဋ္ဌ (ကိုယ်စား)
(သက်ဇင်မောင်၊ အတွင်းရေးမှူး)
မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ

**..............................ဌာန/ ကုမ္ပဏီ/ အဖွဲ့အစည်း**

မိတ္တူကို

- ညွှန်ကြားရေးမှူးချုပ် (ရုံးခန်း)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်
- ညွှန်ကြားရေးမှူးချုပ် (ရုံးခန်း)၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ နေပြည်တော်
- ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်
- ရုံးလက်ခံ/ မျှောစာတွဲ

# မိဘလိုင်း မျိုးသစ်များအတွက် TSC/NSC သို့ တင်ပြရမည့်စာအုပ်ပုံစံ

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ၁ | စာအုပ်မျက်နှာဖုံး | |
| ၂ | နိဒါန်း | |
| ၃ | ရည်ရွယ်ချက် | |
| ၄ | တင်ပြမည့်သီးနှံမျိုးသစ်၏ Non - GMO Certificate | |
| ၅ | မြန်မာနိုင်ငံအတွင်း တရားဝင်မျိုးသစ်အသိအမှတ်ပြုလက်မှတ်လျှောက်ထားခွင့် ပြုကြောင်း၊ စီးပွားဖြစ်မျိုးစေ့လုပ်ငန်းလုပ်ကိုင်ခွင့်ပြုကြောင်းစာ/ သဘောတူညီချက် | ရယူခဲ့သောနိုင်ငံမှ အဖွဲ့အစည်း ၏တာဝန်ရှိသူ လက်မှတ်ထိုးဖြင့် |
| ၆ | မြန်မာနိုင်ငံအတွင်းမျိုးစေ့ကြောင့်ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါကကုမ္ပဏီမှအပြည့်အဝတာဝန်ယူမည်ဖြစ်ကြောင်း ဝန်ခံကတိ | |
| ၇ | မိဘလိုင်းများ၏ဝိသေသလက္ခဏာမူရင်း | တစ်ဖက်နိုင်ငံမှ |
| ၈ | မိဘလိုင်းများ၏ ဝိသေသလက္ခဏာများအား နမူနာပုံစံအတိုင်း ဖြည့်စွက်ရန် | |
| ၉ | မိဘမျိုးလိုင်းများ၏ (Growth Stage ) အလိုက် ဓါတ်ပုံမှတ်တမ်းများ | |
| ၁၀ | တင်ပို့မည့် Package ( ရှေ့ခြမ်း/ နောက်ခြမ်း ) ပုံစံ | |
| ၁၁ | ကုမ္ပဏီအမှတ်တံဆိပ် | |
| ၁၂ | ကုမ္ပဏီမှတ်ပုံတင်မိတ္တူ | |

# နေရာဒေသ (၃) ခု၌ စမ်းသပ်စိုက်ပျိုး၍ အဖြေရရှိပြီးသော (F1 or OP) သီးနှံများအတွက် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသို့ တင်ပြရမည့်စာအုပ်ပုံစံ

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ၁ | စာအုပ်မျက်နှာဖုံး | |
| ၂ | နိဒါန်း | |
| ၃ | ရည်ရွယ်ချက် | |
| ၄ | တင်ပြမည့်သီးနှံမျိုးသစ်၏ Non - GMO Certificate | |
| ၅ | မိဘလိုင်းမှန်ကန်ကြောင်းထောက်ခံချက် | ရယူခဲ့သောနိုင်ငံမှ အဖွဲ့အစည်း၏တာဝန်ရှိသူ လက်မှတ်ထိုးဖြင့် |
| ၆ | မြန်မာနိုင်ငံအတွင်း တရားဝင်မျိုးသစ်အသိအမှတ်ပြုလက်မှတ် လျှောက်ထားခွင့် ပြုကြောင်း၊ စီးပွားဖြစ်မျိုးစေ့လုပ်ငန်း လုပ်ကိုင်ခွင့်ပြုကြောင်းစာ/ သဘောတူညီချက် | ရယူခဲ့သောနိုင်ငံမှ အဖွဲ့အစည်း၏တာဝန်ရှိသူ လက်မှတ်ထိုးဖြင့် |
| ၇ | မြန်မာနိုင်ငံအတွင်းမျိုးစေ့ကြောင့်ပြသနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါကကုမ္ပဏီမှအပြည့်အဝတာဝန်ယူမည်ဖြစ်ကြောင်း ဝန်ခံကတိ | |
| ၈ | စမ်းသပ်စိုက်ပျိုးသည့်သီးနှံများအတွက် အစီရင်ခံစာ<br>- စမ်းသပ်မျိုးများဆိုင်ရာအချက်အလက်နှင့် ဆောင်ရွက်ချက်အကျဉ်းချုပ်<br>- စမ်းသပ်ချက်<br>- တွေ့ရှိချက်များ<br>- စမ်းသပ်ဒေသအသီးသီးတွင် တွေ့ရှိချက်<br>- စိုက်ပျိုးပြုစုမှုမှတ်တမ်း | |
| ၉ | ဓါတ်ပုံမှတ်တမ်းများ( သက်ဆိုင်ရာ စမ်းသပ်မျိုးများ၏ အမည်နှင့်ပူးတွဲဖော်ပြရန်) | |
| ၁၀ | ဖြန့်ဖြူးမည့် မျိုးစေ့အိတ်ခွံ ( ရှေ့ခြမ်း/ နောက်ခြမ်း) ပုံစံ | အိတ်ခွံတွင် မြန်မာစာ အညွှန်းပါရမည် |
| ၁၁ | ကုမ္ပဏီအမှတ်တံဆိပ် | |
| ၁၂ | ကုမ္ပဏီမှတ်ပုံတင်မိတ္တူ | |

# Document ဖြင့် တင်ပြမည့် သီးနှံမျိုးသစ်များအတွက် TSC/NSC သို့ တင်ပြရမည့်စာအုပ်ပုံစံ

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ၁ | စာအုပ်မျက်နှာဖုံး | |
| ၂ | နိဒါန်း | |
| ၃ | ရည်ရွယ်ချက် | |
| ၄ | တင်ပြမည့်သီးနှံမျိုးသစ်များနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်လာပါက အပြည့်အဝတာဝန်ယူမည့် ဝန်ခံကတိပြုချက် | |
| ၅ | တင်ပြမည့်သီးနှံမျိုးသစ်၏ Non - GMO Certificate | |
| ၆ | မိဘလိုင်းမှန်ကန်ကြောင်းထောက်ခံချက် | ရယူခဲ့သောနိုင်ငံမှ အဖွဲ့အစည်း၏ တာဝန်ရှိသူလက်မှတ်ထိုးဖြင့် |
| ၇ | မြန်မာနိုင်ငံအတွင်း တရားဝင်မျိုးသစ်အသိအမှတ်ပြုလက်မှတ်လျှောက်ထားခွင့် ပြုကြောင်း၊ စီးပွားဖြစ်မျိုးစေ့လုပ်ငန်းလုပ်ကိုင်ခွင့်ပြုကြောင်းစာ/ သဘောတူညီချက် | ရယူခဲ့သောနိုင်ငံမှ အဖွဲ့အစည်း ၏ တာဝန်ရှိသူ လက်မှတ်ထိုးဖြင့် |
| ၈ | တင်ပြမည့်သီးနှံမျိုးသစ်၏ (Growth Stage ) အလိုက် ဝိသေသ လက္ခဏာများ နှင့် ဓါတ်ပုံမှတ်တမ်းများ | |
| ၉ | ဖြန့်ဖြူးမည့် အိတ်ခွံ ( ရှေ့ခြမ်း/ နောက်ခြမ်း) ပုံစံ | အိတ်ခွံတွင် မြန်မာစာ အညွှန်းပါရမည် |
| ၁၀ | ကုမ္ပဏီအမှတ်တံဆိပ် | |
| ၁၁ | ကုမ္ပဏီမှတ်ပုံတင်မိတ္တူ | |

**စမ်းသပ်စိုက်ပျိုးရမည့်သီးနှံ (၁၇) မျိုး**

| | |
|---|---|
| ၁။ စပါး | ၁၁။ ခရမ်းချဉ် |
| ၂။ ပြောင်း | ၁၂။ ပန်းမုံလာ |
| ၃။ ပဲတီစိမ်း | ၁၃။ ဂေါ်ဖီထုပ် |
| ၄။ မတ်ပဲ | ၁၄။ ဖရဲ |
| ၅။ ကုလားပဲ | ၁၅။ သခွားမွှေး |
| ၆။ ပဲစဉ်းငုံ | ၁၆။ ဝါ |
| ၇။ မြေပဲ | ၁၇။ ရော်ဘာ |
| ၈။ နှမ်း | |
| ၉။ နေကြာ | |
| ၁၀။ ငရုတ် | |

**(17) Variety of Testing New Variety**

| | |
|---|---|
| 1. Paddy | 11. Tomato |
| 2. Corn | 12. Cauliflower |
| 3. Green Gram | 13. Cabbage |
| 4. Black | 14. Watermelon |
| 5. Chick Pea | 15. Melon |
| 6. Pigeon Pea | 16. Cotton |
| 7. Groundnut | 17. Rubber |
| 8. Sesame | |
| 9. Sunflower | |
| 10. Pepper | |

**(၁၇) မျိုးမှ လွဲ၍ ကျန်သောမျိုးများအား Document နှင့်တင်ပြရန်ဖြစ်ပါသည်။**